“ ဥပ္ပလဝဏ်🌹 ”

ဥပ္ပလဝဏ်သည် သာဝတ္ထိပြည် သူဌေးကြီးတစ်ဦး၏ သမီးရတနာ လှကညာ တစ်ပါးဖြစ်သည် ။ ကြာညိုပန်းကဲ့သို့ ညိုညက်သော အသားအရေရှိ၏ ။

😇 ကြည်လင်သော မျက်နှာ၊ တင့်တယ်ပြေပြစ်သော ကိုယ်ခန္ဓာတို့ကြောင့် ယောကျ်ားတကာတို့၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲဆောင်နိုင်သူလည်း ဖြစ်ပေသည်။

သူဌေးသမီး ဥပ္ပလဝဏ်၏ အလှကို တပ်မက်စွဲလမ်းမိကြသော သာဝတ္ထိပြည်မြို့တော်သား ယောကျ်ားပျိုတို့သည် သူမ၏ မေတ္တာကို ပိုင်ဆိုင်နိုင်ရန် အလုအယက် ကြိုးပမ်းကြသည်။

သာဝတ္ထိမြို့တော်သား ယောကျ်ားပျိုမှန်သမျှ သူဌေးသမီး ဥပ္ပလဝဏ်၏ ရူပါရုံကို မက်မောတွယ်တာကြသည်။ သူမနှင့် အဆင့်အတန်းချင်းတူသည့် သူဌေးသားများသာမက မင်းညီမင်းသားများပင် ပါဝင်ကြသည်။
📍ထိုအထဲတွင် သူဌေးကြီး၏ တူတော်သော နန္ဒလုလင်ကား အကဲဆုံး ဖြစ်လေသည်။

နန္ဒလုလင်သည် ဥပ္ပလဝဏ်၏ မေတ္တာပန်းကို ဆွတ်လှမ်းနိုင်ရန် အစွမ်းကုန် ကြိုးပမ်းခဲ့သည်။ ဦးရီးတော် သူဌေးကြီး၏ မျက်နှာသာပေးမှု ရရှိရန်လည်း သူဌေးကြီး၏ အလိုကို လိုက်၍ အကြိုက်ကို ဆောင်ခဲ့သည်။ သို့သော် သူ၏ ကြိုးပမ်းချက်ကား အရာမထင်ခဲ့ချေ။

ဥပ္ပလဝဏ်၏ အလှဂုဏ်သတင်းသည် သာဝတ္ထိမြို့သာမက ရာဇဂြိုဟ်၊ ဝေသာလီစသော အခြားမြို့နိုင်ငံများအထိ ပျံ့နှံ့ကျော်ကြားခဲ့သည်။ ထိုမြို့နိုင်ငံတို့မှ မင်းညီမင်းသား သူဌေးသားများလည်း ကမ်းလှမ်းမှုများ ပြုလာကြသည်။

📌 သို့သော် ဥပ္ပလဝဏ်ကား အိမ်ထောင်ရေး၌ စိတ်မဝင်စား၊ ကမ္ဘာတစ်သိန်း ပတ်လုံး ဖြည့်ဆည်းခဲ့သော ပါရမီဓာတ်ခံရှိသူဖြစ်၍ ဖြူစင်သန့်ရှင်းသော အကျင့်ဖြင့် တည်ငြိမ်အေးဆေးစွာ နေထိုင်ခဲ့သည်။

ဖခင် သူဌေးကြီးသည် သမီးအတွက် ကမ်းလှမ်းချက် များစွာတို့ကို ရရှိသော်လည်း တစ်ဦးတစ်ယောက်၏ ကမ်းလှမ်းချက်ကိုမျှ လက်မခံဝံ့ချေ။ အကြောင်းကား သမီး၏ သဘောထားကို ခန့်မှန်းတွက်ဆ၍ မရသောကြောင့်ဖြစ်သည်။

တစ်နေ့သ၌ သူဌေးကြီးနှင့် သူဌေးကတော်တို့သည် ဥပ္ပလဝဏ်ကို ခေါ်၍ မေးမြန်းကြည့်ကြသည်။

"ချစ်သမီး..သမီးဟာ အိမ်ထောင်ပြုရမယ့် အရွယ်ရောက်လာပြီ၊ အဖေတို့ဆီ လာပြီး ကမ်းလှမ်းသူတွေလဲ အများအပြားပဲ၊ သမီးရဲ့ဆန္ဒ ဘယ်လိုရှိသလဲ"

"ဖခင်၊ သမီးတော့ အိမ်ထောင်ပြုဖို့ နည်းနည်းမှ စိတ်မကူးမိပါဘူး"

"ဒီလိုဆိုရင် သာသနာဘောင်ဝင်ပြီး ရဟန်းမ ပြုနိုင်ပါမလား ချစ်သမီး"

"ပြုနိုင်ပါတယ် အဖေ"

� သူဌေးကြီးနှင့် သူဌေးကတော်တို့မှာလည်း မြင့်မြတ်သော စိတ်ထားရှိသူများဖြစ်၍ သမီး၏ ဆန္ဒကို မဖျက်လိုကြပေ။ ထို့ကြောင့် ဥပ္ပလဝဏ်အား ဘိက္ခုနီကျောင်းသို့ ပို့ဆောင်၍ ရဟန်းမ ပြုပေးလိုက်ကြသည်။

လူ့ဘဝ အနှောင့်အဖွဲ့မှ ကင်းလွတ်၍ အေးချမ်းသော ဘိက္ခုနီအဖြစ်သို့ ရောက်ရှိလာသော ဥပ္ပလဝဏ်ထေရီမသည် ကမ္မဋ္ဌာန်းတရားကို နေ့ညမပြတ် ပွားများ အားထုတ်ခဲ့၏။

ယင်းသို့ အားထုတ်နေစဉ် တစ်ခုသော လပြည့်နေ့၌ သူမသည် ဘိက္ခုနီသံဃာစုဝေးဥပုသ်ပြုရာ ဃာန ဖြစ်သော ဥပုသ်ကျောင်းဆောင်ကို ရှင်းလင်းသုတ်သင်ရန် အလှည့်တာဝန်ကျလေသည်။

ထေရီမသည် ရှေးဦးစွာ ကျောင်းဆောင်အတွင်း၌ တံမြက်စည်းလှည်း၍ ရှင်းလင်းသုတ်သင်ခြင်း ပြုသည်။ နေရာထိုင်ခင်းများကိုလည်း ခင်းကျင်းပြင်ဆင်သည်။ ထို့နောက် ညနေဆည်းဆာအချိန်ဖြစ်၍ အလင်းရောင်ကောင်းစွာ ရရှိရန် ဆီမီးအိမ်များကို ညှိထွန်းလေသည်။

ဤသို့ သံဃာဝေယျာဝစ္စကိစ္စများကို ပြုလုပ်နေသော်လည်း ထေရီမကား ကမ္မဋ္ဌာန်းကို လက်မလွှတ်။ ပွားများလက်စဖြစ်သော တေဇောကသိုဏ်းကို မပြတ် ဆင်ခြင်ပွားများ၍သာ နေသည်။

တစ်စတစ်စ အလင်းရောင်အားကောင်းလာသော ဆီမီးခွက်ကို မြင်သောအခါ ထေရီမ၏ စိတ်သည် ထိုမီးချက်ဆီသို့ ရောက်သွားလေသည်။

ထိုအခါ ထေရီမသည် ရပ်လျက်ဖြင့်သာ ဆီမီးခွက်မှ မီးလျှံများကို စူးစိုက်စွာ ရှုမှတ်လေသည်။ ယင်းသို့ ရှုမှတ်၍ မကြာမြင့်မီ ကာလအတွင်း၌ပင် ထေရီမ၏ စိတ်သည် တေဇောကသိုဏ်းလျှင် အာရုံရှိသော လောကီစျာန်သို့ ရောက်သွားလေသည်။

ထို့နောက် ထိုစျာန်ကို အခြေပြုလျက် ဝိပဿနာကို ပွားများဆင်ခြင်ရာ အာသဝကင်းစင်သော ရဟန္တာမအဖြစ်သို့ ဆိုက်ရောက်သွားတော့ရာ ပဋိသမ္ဘိဒါ ဉာဏ်လေးပါး၊ အဘိညာဉ်ငါးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

 တေဇောကသိုဏ်းကို အလေ့အလာများသော ဥပ္ပလဝဏ်ထေရီမသည် လျင်မြန်သော ဘိညာဉ်တန်ခိုးနှင့် ပြည့်စုံသည်။

တန်ခိုးဖန်ဆင်းခြင်းအရာ၌ အထူးချွန်ဆုံး ဘိက္ခုနီမဟူသော 'ဧတဒဂ်'ဘွဲ့ထူးကို ရရှိခဲ့သည်။ ဗုဒ္ဓ၏ လက်ဝဲရံ အဂ္ဂသာဝိကာမ အဖြစ်ဖြင့်လည်း ထင်ရှားခဲ့ပေသည်။

အခါတစ်ပါး၌ ဥပ္ပလဝဏ်ထေရီမသည် ဇေတဝန်ကျောင်းတိုက် အနီးရှိ အန္ဓဝန်တောအုပ်ထဲတွင် သစ်ရွက်တဲကျောင်းကလေးဖြင့် တစ်ပါးတည်း သီတင်းသုံးနေသည်။

လူ့ဘဝက ထေရီမကို တပ်မက်စွဲလမ်းခဲ့သော နန္ဒလုလင်သည် ယခုတိုင် စိတ်မကုန်သေးဘဲ ရှိနေသည်။

ထေရီမသည် အန္ဓဝန်တောအုပ်ထဲ၌ တစ်ပါးတည်းနေကြောင်း သတင်းကြားရသောအခါ နန္ဒလုလင်သည် ယုတ်မာသော အကြံဖြင့် ထေရီမ ဆွမ်းခံသွားနေချိန်တွင် သူမ၏ ကျောင်းသင်္ခမ်းထဲသို့ ဝင်၍ နေလေသည်။

ဥပ္ပလဝဏ်ထေရီမသည် ဆွမ်းခံရာမှ ပြန်လာသောအခါ အပန်းဖြေရန် အိပ်ရာ ညောင်စောင်းပေါ်သို့ လဲလျောင်းလိုက်သည်။

ထိုစဉ်တွင် ညောင်စောင်းအောက်၌ ပုန်းနေသော နန္ဒလုလင်က ရုတ်တရက် ထွက်လာပြီး ထေရီမအား ဗလက္ကာရ ပြုကျင့်လေသည်။ အမှတ်တမဲ့နေခိုက်ဖြစ်၍ ထေရီမလည်း တားဆီးကာကွယ်ရန် မစွမ်းနိုင်ဘဲ ရှိလေသည်။

နန္ဒ လုလင်ကား သူ လိုဘပြည့်ဝလျှင် ကျောင်းထဲမှ ထွက်လာသည်။ သို့သော် သူတော်စင် ရဟန္တာမ တစ်ပါးအား ပြစ်မှားခဲ့သော ငမိုက်သား လုလင်ကို မဟာပထဝီမြေကြီးက သည်းမခံနိုင်တော့ချေ။
သူ့ခြေထောက်နင်းလိုက်သည့် နေရာ၌ ရုတ်တရက် ကွဲအက်၍ တစ်ကိုယ်လုံး ဝါးမျိုကာ အဝီစိငရဲသို့ ပို့ဆောင်လိုက်လေသည်။

ဤကိစ္စ ဖြစ်ပျက်ပြီးနောက် ထေရီမသည် တောကျောင်း၌ ဆက်မနေတော့ဘဲ ဘိက္ခုနီမ အများနေထိုင်ရာ ကျောင်းသို့ ပြန်ကြွသွား၏။ မိမိအဖြစ်အပျက်ကိုလည်း ရဟန်းမများအား ဖွင့်ဟ ပြောကြားလေသည်။

ထိုအကြောင်းကို ဗုဒ္ဓမြတ်စွာ ကြားသိတော်မူလျှင်-

"ရဟန်းတို့၊ လူမိုက်ဟူသည် မိမိပြုလုပ်သည့် မကောင်းမှု အကုသိုလ် အကျိုးမပေးမီ ပျားရည်ကို စားရသကဲ့သို့ ကြည်လင်ရွှင်ပျ၍ နေ၏။ မကောင်းမှုအကျိုးပေးလာသည့်အခါ၌ကား ဆင်းရဲဒုက္ခကို မုချခံစားရမည်သာ ဖြစ်၏"

ဟူသော ဒေသနာကို ဟောကြားတော်မူသည်။

ထို့နောက် ဗုဒ္ဓသည် ကောသလမင်းကြီးကို ခေါ်စေပြီး ဘိက္ခုနီတို့ နေထိုင်ရာ ကျောင်းသင်္ခမ်းများကို မြို့တွင်း၌သာ ပြုလုပ်ပေးသင့်ကြောင်း မိန့်ကြားတော်မူသည်။

မင်းကြီးလည်း မြို့တွင်း သင့်လျော်သော နေရာကို ရှာဖွေရွေးချယ်၍ ဘိက္ခုနီမ ကျောင်းများကို ဆောက်လုပ်စေသည်။ ထိုအချိန်မှစ၍ ဘိက္ခုနီမတို့သည် မြို့တွင်း ရွာတွင်း၌သာ နေကြရလေသည်။

တစ်နေ့တွင် တရားသဘင်၌ စုဝေးမိကြသော ရဟန်းများသည် ဥပ္ပလဝဏ်ထေရီမ၏ အဖြစ်အပျက်ကိုပင် ပြောဆိုနေကြသည်။ ထိုအခါ အချို့ရဟန်းများက-

"ငါ့ရှင်တို့၊ အာသဝေ ကင်းစင်ပြီးသော ရဟန္တာပုဂ္ဂိုလ်များလဲ ကာမစည်းစိမ်ကို သာယာကြပါသလား"

ဤသို့ ပြဿနာတင်ကြသည်။ ထိုပြဿနာနှင့်ပတ်သက်၍ အချို့ရဟန်းများကလည်း မိမိတို့ ထင်မြင်ချက်ကို တင်ပြကြသည်။

"ငါ့ရှင့်တို့၊ ထိုပုဂ္ဂိုလ်များလဲ သွေးသား ကင်းသူများ မဟုတ်ကြသေးပါ၊ သစ်တုံးများ တောင်ပို့များလဲ မဟုတ်ကြပါ။ ထို့ကြောင့် ဒီခန္ဓာကိုယ်ကြီးရှိနေသေးသမျှတော့ ကာမစည်းစိမ်ကို သာယာမှု ရှိကြဦးမည် ထင်ပါတယ်"

ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာ ကြွရောက်လာ၍ ရဟန္တာ ပုဂ္ဂိုလ်တို့မှာ ကာမဂုဏ်ကို သာယာမှု မရှိကြောင်း မိန့်ကြားပြီး -

"ပဒုမ္မာကြာဖက်ပေါ်၌ ရေပေါက်သည် တင်မနေသကဲ့သို့လည်းကောင်း၊ ပွတ်ဆောက်ဖျားပေါ်၌ မုန်ညင်းစေ့သည် တင်မနေသကဲ့သို့လည်းကောင်း အကြင်ပုဂ္ဂိုလ်သည် ကာမဂုဏ်တို့၌ လိမ်းကျံကပ်ငြိခြင်း မရှိ၊ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏"

ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။